ရှေ့နေဦးကိုနီ လုပ်ကြံခံရမှု (၂) နှစ်ပြည့် အထိမ်းအမှတ် အတွက် ICJ ကြေငြာချက်ထုတ်

၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ၊ ၂၉ ရက်နေ့

ထင်ရှားသောရှေ့နေဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လူအများရှေ့မှောက်လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း နှစ်နှစ်ပြည့်သည့်နေ့တွင် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင် (International Commission of Jurists – ICJ) အနေဖြင့် မှန်ကန်သော အချက်အလက်များ ဖော်ထုတ်ရန်၊ တရားမျှတမှု ဖော်ဆောင်ပေးရန်နှင့် အလားတူရာဇဝတ်မှုများ ထပ်မံဖြစ်ပွားခြင်းမှ ဟန့်တားရန်အတွက် အသေးစိတ်ပြီး ဘက်လိုက်မှုကင်းမဲ့သော စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ပေးရန် ၎င်း၏တောင်းဆိုမှုများကို ထပ်မံ၍ ထုတ်ပြန်ကြေညာအပ်ပါသည်။

"ယခုကဲ့သို့ ထင်ရှားသော ဒီမိုကရေစီအရေးအားပေးထောက်ခံသူတစ်ဦး ပေါ်ပေါ်ထင်ထင် အသတ်ခံရမှုကြောင့် ထိုသို့သော ရာဇဝတ်မှုမျိုးကို ထိရောက်စွာ အပြစ်ပေးရန် နိုင်ငံတော်အနေဖြင့် ထိရောက်သောတုံ့ပြန်ဆောင်ရွက်မှုတစ်ရပ် ပြုလုပ်ရန်လိုအပ်ပါသည်။" ဟု အာရှနှင့် ပစိဖိတ်ဒေသများအတွက် ICJ ၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သော Frederick Rawski က ပြောခဲ့ပါသည်။

တရားဝင်စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ခဲ့ပြီး တရားရုံးတွင် ကြားနာစစ်ဆေးမှုပေါင်း အကြိမ် ၁၀၀ကျော် ရှိခဲ့သည်ဟုသတင်းများအရသိရသော်လည်း ၎င်း၏သေဆုံးမှုအတွက် ရာဇဝတ်ကြောင်းအရသော်လည်းကောင်း သို့မဟုတ် အခြားနည်းအရသော်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်မျှ တာဝန်ခံခြင်းမရှိသည့်အပြင် အခြေအနေများကိုလည်း ကျေနပ်လောက်အောင် ဖြေရှင်းနိုင်ခြင်းမရှိသေးပါ။

"မြန်မာနိုင်ငံအနေဖြင့် စစ်တပ်၏လွှမ်းမိုးမှုနှင့် ဘက်လိုက်မှုကင်းမဲ့ပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှုတစ်ရပ် မပြုလုပ်ဘဲ နိုင်ငံတကာဥပဒေအရ ၎င်း၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းနိုင်မည် မဟုတ်ပါ။ ထိုသို့သော စုံစမ်းစစ်ဆေးမှုတစ်ရပ်သည် မျှတသောတရားခွင်တွင် ထိရောက်သော တရားစွဲဆိုမှု ပြုလုပ်နိုင်ရန်အတွက် ရှေ့ပြေးလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။" ဟု Rawski က ထပ်လောင်းပြောကြားခဲ့ပါသည်။

ဦးကိုနီအား မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအသွင်ပြောင်းလဲရေးအတွက် အားပေးထောက်ခံသူတစ်ဦးအဖြစ် အများက သိရှိခဲ့ကြပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အကြံပေးတစ်ဦးအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတဖြစ်မလာနိုင်အောင် တားဆီးထားသော်လည်း သူမအတွက် ခေါင်းဆောင်နေရာတစ်နေရာ တရားဝင်ဖြစ်လာစေခဲ့သော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးကို ဖန်တီးရာတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ဦးကိုနီသည် သေဆုံးသည့်အချိန်တွင် စစ်တပ်၏အာဏာကို ထောက်ပိုးပေးနေသော မြန်မာနိုင်ငံ၏ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အစားထိုးရန် အဆိုပြုလွှာများ ပြင်ဆင်နေသည်ဟု နားလည်ထားပါသည်။

"ဦးကိုနီနှင့် ၎င်း၏မိသားစုအတွက်သာလျှင်မကဘဲ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီအရေးအားပေးထောက်ခံသူများအပါအဝင် ပြည်သူ့အားလုံး၏ လူ့ဘဝရှင်သန်ရပ်တည်ခွင့်ကို ကာကွယ်မည် ဖြစ်ကြောင်းကို ပြသရန် ယုံကြည်ရသော တရားရေးလုပ်ငန်းစဉ်တစ်ရပ် လိုအပ်သည်။" ဟု ICJ ၏ ဥပဒေအကြံပေး Sean Bain က ဆိုပါသည်။

"ဤသဘောသဘာဝရှိသော ရာဇဝတ်မှုတစ်ခုသည် ဒီမိုကရက်တစ်လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းကို အဟန့်အတားဖြစ်စေသောကြောင့် ထိုသို့သောရာဇဝတ်မှု ထပ်မံမဖြစ်ပွားအောင် တားဆီးရန်မှာ ထိရောက်သော တရားရေးလုပ်ငန်းစဉ်တစ်ရပ်က မရှိမဖြစ်အရေးကြီးပါသည်" ဟု Bain က ပြောခဲ့ပါသည်။

မြန်မာနိုင်ငံသည် ရှေ့နေများနှင့် လူ့အခွင့်အရေးကာကွယ်သူများအဖြစ် ဆောင်ရွက်နေသည့် အခြားသူများအား ၎င်းတို့လုပ်ငန်းဆောင်ရွက်ရာတွင် အကာအကွယ်ရရှိစေရန် အထူးသဖြင့် တာဝန်ရှိပါသည်။

မည်သည့်တရားရေးလုပ်ငန်းစဉ်မဆို မြန်ဆန်ထိရောက်ပြီး မှန်ကန်သောအချက်အလက်များ ပေါ်ပေါက်စေရမည် ဖြစ်သည်။

ဦးကိုနီအသတ်ခံရသည့်အမှုကို စုံစမ်းစစ်ဆေးရာတွင် အဓိကမသင်္ကာဖွယ်ဖြစ်သူတစ်ဦးမှာ မည်သည့်နေရာများတွင် ရောက်ရှိနေသည်ကို မသိရှိရခြင်း၊ သေဆုံးသွားသော ပုဂ္ဂိုလ်တစ်ဦးအား မသင်္ကာဖွယ်ဖြစ်သူတစ်ဦးအဖြစ် မှားယွင်းဖော်ထုတ်ခြင်းနှင့် နာမည်တူပုဂ္ဂိုလ်တစ်ဦးအား ဖမ်းဆီးခြင်းနှင့် ရဲဘက်စုံစမ်းစစ်ဆေးမှုတွင် စစ်တပ်၏ ပါဝင်ပတ်သက်မှုရှိကြောင်း သတင်းရရှိခြင်းတို့အပါအဝင် အတားအဆီးများကြောင့် အဟန့်အတား

ဖြစ်နေပါသည်။ အထူးသဖြင့် မသက်ဘဲဖွယ်ဖြစ်သူများစွာ၏ စစ်တပ်နှင့်ဆက်စပ်နေမှုများကို ထည့်သွင်းစဉ်းစားပါက ဤသတ်ဖြတ်မှုအတွက် နိုင်ငံရေးဆိုင်ရာ အကြောင်းတရားများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကိုလည်း ကျေနပ်စရာကောင်းလောက်အောင်သော်လည်းကောင်း၊ စုံစမ်းစစ်ဆေးမှုတွင် စစ်တပ်၏ ပါဝင်ပတ်သက်မှုကြောင့် ဘက်လိုက်မှုကင်းမဲ့စွာသော်လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း ရှိပုံမပေါ်ပါ။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် ပြစ်မှုဆိုင်ရာတရားစွဲဆိုမှုများနှင့် ရန်ကုန်အထက်တရားရုံးတွင် ဆက်စပ်တရားစွဲဆိုမှုများကို ဆောင်ရွက်ရာတွင်လည်း နှောင့်နှေးကြန့်ကြာမှုများ ရှိနေခဲ့ပါသည်။ ဆက်စပ်မှုရှိပုံမပေါ်သော သက်သေထွက်ဆိုချက်များ ခွင့်ပြုခြင်း၊ အမိကမျက်မြင်သက်သေများ ရောက်ရှိမလာခြင်းများနှင့် တရားရုံး၏ စစ်ဆေးမှုများကို ကြာရှည်အောင်အချိန်ဆွဲ၍ ဆောင်ရွက်ခြင်းတို့ကို တရားခွင်အား သွားရောက်ကြည့်ရှုခဲ့သည် ICJမှရှေ့နေများအပါအဝင် ရှေ့နေများနှင့် အခြားသောပုဂ္ဂိုလ်များက အကြိမ်ကြိမ်တွေ့ကြုံခဲ့ရကြောင်း မှတ်သားခဲ့ရပါသည်။ နှောင့်နှေးကြန့်ကြာမှုများ အပတ်နှင့်ချီ၍ ကြာသည်မှာ ပုံမှန်ဖြစ်ပြီး ရက်ဆက် ဆောင်ရွက်ခြင်းများမှာ ရှားပါးပါသည်။

ဤပြဿနာများသည် မြန်မာနိုင်ငံ၏ တရားမျှတမှုစနစ်ကို စိန်ခေါ်နေသော သိသာထင်ရှားသည့် သင်္ကေတများဖြစ်နေပြီး ICJ က ယခင်ဖော်ပြခဲ့သလို မြန်မာနိုင်ငံ၏ တရားမျှတမှုစနစ်တွင် ရဲအရာရှိများ၊ အစိုးရရှေ့နေများနှင့် တရားရုံးများ သည် အထူးသဖြင့် နိုင်ငံရေးအရ ထိရှလွယ်သောအမှုများတွင် ထိရောက်စွာတရားစီရင်ရန် လွတ်လပ်မှု နှင့်/သို့မဟုတ် ဆန္ဒ ယေဘုယျအားဖြင့် ကင်းမဲ့ကြပါသည်။

"နှစ်နှစ်ဟူသောအချိန်ကာလသည် ယနေ့ ကျွန်တော်တို့ ရောက်ရှိနေသော အခြေအနေအထိ ရောက်လာဖို့ အလွန်အမင်းကြာလွန်းသော အချိန်ဖြစ်ပြီး ကျွန်တော်တို့၏ အတွေ့အကြုံအရ ဤကိစ္စသည် မြန်မာနိုင်ငံရှိ တရားစီရင်မှုနှင့်ပတ်သက်၍ ပို၍ကြီးမားကျယ်ပြန့်သည့်ပြဿနာများရှိနေကြောင်း မီးမောင်းထိုးပြနေပါသည်" ဟု Bain က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

နောက်ခံအကြောင်းအရာ

ဦးကိုနီသည် အခြားသောအခန်းကဏ္ဍများအပြင် အပြည်ပြည်ဆိုင်ရာရှေ့နေများအသင်း (International Bar Association) နှင့် မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း (Independent Lawyers' Association of Myanmar) တို့၏ အဖွဲ့ဝင်၊ Laurel Law Firm တည်ထောင်သူ၊ မြန်မာနိုင်ငံမွတ်ဆလင်ရှေ့နေများအသင်း၏ ကူညီထောက်ပံ့သူနှင့် လူပုဂ္ဂိုလ်များနှင့် ICJ အပါအဝင် အဖွဲ့အစည်းများစွာ၏ လုပ်ငန်းများကို အားတက်သရောပံ့ပိုးကူညီပေးခဲ့သူတစ်ဦး ဖြစ်ပါသည်။

ဦးကိုနီသည် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ၊ ၂၉ရက်နေ့ ညနေ ၅နာရီဝန်းကျင်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ ပင်မအဆောက်အအုံအပြင်ဘက်တွင် ဦးခေါင်းနောက်သို့ အနီးကပ် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရပါသည်။ ထိုအချိန်တွင် ဦးကိုနီသည် အစိုးရအရာရှိများနှင့် တက်ကြွလှုပ်ရှားသူများနှင့်တကွ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသဖြင့် ၎င်း၏ မိသားစုဝင်များကို နှုတ်ဆက်နေခဲ့ပြီး ၎င်း၏ မြေးငယ်လေးအား ရိုက်ထားခဲ့ပါသည်။ သေနတ်သမားကြည်လင်းသည် ၎င်းအား လိုက်လံဖမ်းဆီးစဉ် အဘ၃းယာဉ်မောင်း ကိုနေဝင်းကိုလည်း အသေပစ်သတ်ခဲ့ပါသည်။ နောက်တစ်နေ့တွင် ရန်ကုန်မြို့တွင် မွတ်ဆလင်ရိုးရာအတိုင်းကျင်းပသည့် ဦးကိုနီ၏အသုဘကို လူထောင်ပေါင်းများစွာ တက်ရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတရုံးက ၎င်းသေဆုံးမှုကို လုပ်ကြံသတ်ဖြတ်မှုအဖြစ် လူသိရှင်ကြား သတ်မှတ်ခဲ့ပါသည်။ တရားဝင်စုံစမ်းစစ်ဆေးမှုအရ လူသတ်မှုကျူးလွန်ရာတွင် အခြားသူများလည်း ပူးပေါင်းကြံစည်ခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

၂၀၁၇ခုနှစ်၊ မတ်လ၊ ၁၇ရက်နေ့၌ ပြစ်မှုအမှုတွဲအမှတ် ၄၅/၂၀၁၇ နှင့် ၄၆/၂၀၁၇ တွင် စွဲချက်ပေါင်းစုံဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် အမျိုးသားလေးဦးကို ရုံးထုတ်ခဲ့ပါသည်။ တရားရုံးက နောက်ဆုံး အတည်ပြုလိုက်သော စွဲချက်များမှာ အောက်ပါတို့ဖြစ်ကြောင်း ဥပဒေစာရေးများနှင့် အရာရှိများက ICJ အား ပြောပြခဲ့ပါသည် -

- ကြည်လင်းအတွက် - ဦးကိုနီအပေါ် ကြိုတင်ကြံစည်သောလူသတ်မှုတွင် ပြစ်မှုကြောင်းအရ ပူးတွဲ တာဝန်ရှိမှုအတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ နှင့် ကိုနေဝင်းအပေါ် ကြိုတင်ကြံစည်ခြင်း

မဟုတ်သော လူသတ်မှုအတွက် ပုဒ်မ ၃၀၂(၂)နှင့် လက်နက်များ တရားမဝင် လက်ဝယ်ထားရှိခြင်း အတွက် လက်နက်ဥပဒေ ပုဒ်မ ၁၉(စ)။

- အောင်ဝင်းဇော်အတွက် - ဦးကိုနီအပေါ်ကြိုတင်ကြံစည်သောလူသတ်မှုတွင် ပြစ်မှုကြောင်းအရ ပူးတွဲတာဝန်ရှိမှုအတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ (ဤတရားခံအတွက် တရားရုံးက လက်နက် ဥပဒေ ပုဒ်မ ၁၉(စ)အရ စွဲချက်တင်ထားကြောင်း အတည်မပြုခဲ့ပါ)။
- ဇေယျာဖြိုးအတွက် - ဦးကိုနီအပေါ်ကြိုတင်ကြံစည်သောလူသတ်မှုတွင် အားပေးကူညီခြင်း အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၁၀၉။
- အောင်ဝင်းထွန်းအတွက် - ပြစ်မှုကျူးလွန်သူအား ပုန်းအောင်းခွင့်ပေးခြင်းအတွက် ရာဇသတ်ကြီး ပုဒ်မ ၂၁၂ (တရားရုံးက ဤတရားခံအား အာမခံပေးခဲ့သည်)။

Frontier Magazine၏ မီဒီယာသတင်းများနှင့် ICJ၏ စုံစမ်းမှုများအရ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသည် စွဲချက်များနှင့်ပတ်သက်၍ အပြီးသတ်လျှောက်လဲချက်များကို ဖေဖော်ဝါရီလ၊ ၁ရက်နေ့တွင် ကြားနာစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။ ငါးဦးမြောက်မသက်ဘွယ်ဖြစ်သောသူ အောင်ဝင်းခိုင်သည် လွတ်မြောက်နေဆဲဖြစ်ပြီး အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့က အကြောင်းကြားစာထုတ်ထားပါသည်။

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေအရ နိုင်ငံတော်သည် လူ့အခွင့်အရေးများကိုမဖြစ်မနေကာကွယ်ပေးရမည်ဟူသည်မှာ တစ်ဖက်သက် အသက်ဆုံးရှုံးစေသောလုပ်ရပ်များအား စုံစမ်းစစ်ဆေးရန်၊ တရားစွဲဆိုရန်နှင့် ပြစ်ဒဏ်ပေးရန် တာဝန်ဝတ္တရား ဖြစ်သည်။ စုံစမ်းစစ်ဆေးမှုတစ်ခု၏ နောက်ဆုံးရည်မှန်းချက်မှာ လူ့ဘဝရှင်သန်ရပ်တည်ခွင့်ကို ချိုးဖောက်ခဲ့ခြင်း ရှိ၊ မရှိကို ဆုံးဖြတ်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို မျှတသော တရားစီရင်မှုအပါအဝင် တရားဥပဒေစိုးမိုးမှု၏ အခြေခံစည်းမျဉ်းများနှင့်အညီ အရည်အချင်းပြည့်မီသော တရားရုံးတွင် ထိရောက်စွာ တရားစွဲဆိုနိုင်စေရန်အတွက် ဖြစ်ရမည်။

ဆက်သွယ်ရန်

Sean Bain ၊ ICJ ဥပဒေအကြံပေး- sean.bain (at) icj.org

Frederick Rawski ၊ ICJ အာရှပစိဖိတ်ဒေသ ညွှန်ကြားရေးမှူး - frederick.rawski (at) icj.org

နောက်ထပ်လေ့လာရန်

ICJ ရေးသားထားသည့် "**မြန်မာနိုင်ငံတွင် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားမျှတမှု ရယူခြင်း အခြေပြုစံထားတိုင်းတာလေ့လာမှု**" ("Myanmar: reverse laws and practices that perpetuate military impunity – new ICJ report)" ၊ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ၊ ၁၆ ရက်နေ့၊ https://www.icj.org/wp-content/uploads/2018/01/Myanmar-GRA-Baseline-Study-Publications-Reports-Thematic-reports-2018-BUR.pdf တွင် မြန်မာဘာသာဖြင့် **ဖတ်ရှုနိုင်ပါ**သည်။

ICJ, "Killing of lawyer U Ko Ni must be promptly and impartially investigated," 30 January 2017 https://www.icj.org/icj-statement-on-the-killing-of-lawyer-u-ko-ni/